ကုက္ကားကျေးရွာ

ဂန့်ဂေါမြို့နယ်

# ကျေးရွာဖွံ့ဖြိုးရေးစီမံချက်


ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

ကုက္ကားကျေးရွာ ၊ ဂန့်ဂေါမြို့နယ်


( စိုက်ပျိုးရေး ၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကူညီရေးဆွဲသည် )


၂၀၁၈ ခုနှစ် ၊ စက်တင်ဘာလ

## မာတိကာ


| | | |
|---|---|---|
| မာတိကာ | | ၁ |
| စကားချီး | | ၅ |
| ကုက္ကားကျေးရွာ သယံဇာတပြမြေပုံ | | ၇ |
| **အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာနှင့် အစီအစဉ်** | | ၈ |
| **၁။** | **နိဒါန်း - ကျေးရွာဖွံ့ဖြိုးရေး ရည်ရွယ်ချက်နှင့် လွှမ်းခြုံသက်ရောက်မှု** | ၈ |
| | (က) ရည်ရွယ်ချက်နှင့် ကျိုးကြောင်းဖော်ပြချက် | |
| | (ခ) နိုင်ငံတော်အစိုးရအဖွဲ့များအတွက် အသုံးဝင်မှု | |
| | (ဂ) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု | |
| **၂။** | **ကျေးရွာ၏ ပထဝီဝင်အနေအထားနှင့် သဘာဝအရင်းအမြစ်များ** | ၁၀ |
| | (က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင်အနေအထား | |
| | (ခ) သဘာဝအရင်းအမြစ်များ | |
| **၃။** | **ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေး အခြေအနေ** | ၁၀ |
| | (က) လူဦးရေးဆိုင်ရာအချက်အလက်များ | |
| | (ခ) စီးပွားရေးအခြေအနေ - ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု | |
| | (ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု | |
| | (ဃ) ကျန်းမာရေးနှင့် အာဟာရ | |
| | (င) ပညာရေးနှင့် ကျွမ်းကျင်မှုများ | |
| | (စ) ကျား/မဆိုင်ရာဆက်နွယ်မှု | |
| **၄။** | **ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးတိုးတက်မှုအခြေအနေ** | ၁၂ |
| | (က) ဖွံ့ဖြိုးရေးဆိုင်ရာစီမံအုပ်ချုပ်မှုစနစ် | |
| | (ခ) သီးနှံ၊ သားငါးထုတ်လုပ်ရေးကဏ္ဍ | |
| | (ဂ) စိုက်/မွေး မဟုတ်သော အသက်မွေးဝမ်းကျောင်း လုပ်ငန်းများ | |
| | (ဃ) ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များဆိုင်ရာ စီမံခန့်ခွဲမှု | |
| | (င) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု | |
| | (စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး | |
| | (ဆ) လူငယ်နှင့်ယဉ်ကျေးမှု | |
| | (ဇ) အခြေခံအဆောက်အဦများအားလက်လှမ်းမီမှု-လမ်းတံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့် ဆက်သွယ်ရေး | |

(ဈ) တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူ့လုံခြုံရေး
**၅။ ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသောအခြေအနေကောင်းများ၊ အဟန့်အတားများနှင့်ကျော်လွှားရမည့်စိန်ခေါ်မှုများ** ၁၅
(က) ဖွံ့ဖြိုးတိုးတက်မှုကိုအထောက်အပံ့ဖြစ်စေသောအခြေအနေကောင်းများ
(ခ) အဟန့်အတားများနှင့်စိန်ခေါ်မှုများ
**၆။ ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်နှင့်ဗျူဟာ** ၁၇
**၇။ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ အကောင်အထည်ဖော်ရာတွင် မြို့နယ်နှင့် အထက်အဆင့်မှ ကူညီ ဖြေရှင်းပေးရမည့် ကိစ္စများ** ၁၈
**၈။ ဦးစားပေးစီမံချက်များနှင့်အကောင်အထည်ဖော်ဆောင်ရွက်မည့်အချိန်ကာလ** ၂၀
(က) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်
(ခ) ကဏ္ဍနှင့် ရင်းနှီးမြှုပ်နှံမှုကို အခြေခံ၍ စီမံကိန်းအုပ်စု သတ်မှတ်ခြင်း
(ဂ) ဦးစားပေးစီမံချက်များ နှင့် အကောင်အထည်ဖော်မည့် အချိန်ကာလ
**၉။ ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာရွေးချယ်မှုများ** ၂၆
**၁၀။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်မည့် နည်းလမ်း နှင့် အစီအစဉ်များ** ၂၇
(က) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ
(ခ) ဖွံ့ဖြိုးရေးမိတ်ဖက် အဖွဲ့အစည်းများ
(ဂ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ
(ဃ) ကျေးရွာ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန်နှင့် ပြုပြင်ထိန်းသိမ်းရန်အတွက် အဖွဲ့အစည်းဆိုင်ရာနှင့် ငွေကြေးဆိုင်ရာအစီအစဉ်များ
**၁၁။ စီမံကိန်းကြီးကြပ်စစ်ဆေးခြင်းနှင့် အကဲဖြတ်သုံးသပ်ခြင်း** ၂၈
(က) ကြီးကြပ်စစ်ဆေးခြင်း
(ခ) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဆောင်ရွက်ပြီးစီးမှုအကဲဖြတ်ခြင်း
(ဂ) နည်းပညာဆိုင်ရာအကူအညီ
**နောက်ဆက်တွဲ**
**နောက်ဆက်တွဲ(၁) စီမံကိန်းဇယားများ**
**(၁) လူမှုစီးပွားရေးအခြေအနေ**
ဇယား(၁) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ
ဇယား(၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်းအမျိုးအစား
ဇယား(၃) ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု
ဇယား(၄) ဓာတ်သတ္တုနှင့် အခြားသဘာဝအရင်းအမြစ်များ
ဇယား(၅) ဥစ္စာစနေအဆင့်အခြေအနေ

ဇယား(၆) ကျေးရွာ၏ ဝမ်းစာဖူလုံမှုအခြေအနေ

ဇယား(၇) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ

ဇယား(၈) ကျေးရွာ၏ ထိခိုက်သက်ရောက်မှုအခြေအနေ

ဇယား(၉) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့် အုပ်စု

## (၂) ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးရေးအခြေအနေ

ဇယား(၁၀) ကျေးရွာအတွင်းရှိလူထုအခြေပြု အဖွဲ့အစည်းများ

ဇယား(၁၁) ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

ဇယား(၁၂) ကျေးရွာ၏ စိုက်ပျိုးမြေပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု

ဇယား(၁၃) ကျေးရွာ၏ ရေအရင်းအမြစ်နှင့် ရေသွင်းဧရိယာ

ဇယား(၁၄) အဓိကသီးနှံများနှင့် အထွက်နှုန်း

ဇယား(၁၅) ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာများပိုင်ဆိုင်မှု

ဇယား(၁၆) သီးနှံထုတ်လုပ်မှုတိုးစေရန်အတွက် အခွင့်အလမ်းများ

ဇယား(၁၇) သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ

ဇယား(၁၈) မွေးမြူရေးနှင့် ငါးလုပ်ငန်းဆောင်ရွက်မှုအခြေအနေ

ဇယား(၁၉) မွေးမြူရေးကဏ္ဍ ထုတ်လုပ်မှုတိုးတက်စေရန်အတွက် အခွင့်အလမ်းများ

ဇယား(၂၀) မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှုအတွက် ပြဿနာနှင့်စိန်ခေါ်မှုများ

ဇယား(၂၁) စိုက်/မွေးမဟုတ်သော သက်မွေးလုပ်ငန်းများ

ဇယား(၂၂) စိုက်/မွေး မဟုတ်သော စီးပွားရေးလုပ်ငန်းများအတွက် အခွင့်အလမ်း၊ ပြဿနာနှင့် အခက်အခဲများ

ဇယား(၂၃) ကုန်စည်နှင့် ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမှီမှု အခြေအနေ

ဇယား(၂၄) ငွေကြေးလက်လှမ်းမှီမှုနှင့် ဘဏ်လုပ်ငန်း

ဇယား(၂၅) သဘာဝပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ် စီမံခန့်ခွဲမှုအတွက် လက်ရှိ အလေ့အကျင့်နှင့် အခက်အခဲများ

ဇယား(၂၆) သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အခက်အခဲများနှင့် သဘာဝဘေးအန္တရာယ် လျှော့ချရေး အစီအမံများ

ဇယား(၂၇) မူလတန်း၊ အလယ်တန်း၊ အထက်တန်းနှင့် တက္ကသိုလ်ပညာ ပြီးစီးမှုနှုန်း

ဇယား(၂၈) ကျောင်းအပ်နှုန်း

ဇယား(၂၉) စာသင်ကျောင်းဆောင် အခြေအနေ

ဇယား(၃၀) ပညာရေးအခက်အခဲနှင့် ပြဿနာများ

ဇယား(၃၁) အဖြစ်များသော ရောဂါများ

ဇယား(၃၂) ကျန်းမာရေးအထောက်အပံ့နှင့် ဝန်ဆောင်မှုများ

ဇယား(၃၃) သောက်သုံးရေရရှိမှု

ဇယား(၃၄)	သန့်ရှင်းမှု အခြေအနေ
ဇယား(၃၅)	ကျေးရွာ၏ လမ်း/တံတားတည်ရှိမှုအခြေအနေ
ဇယား(၃၆)	ရေကြောင်းသယ်ယူပို့ဆောင်ရေး
ဇယား(၃၇)	သယ်ယူပို့ဆောင်ရေးယာဉ်များ
ဇယား(၃၈)	လျှပ်စစ်မီးရရှိမှုအခြေအနေ
ဇယား(၃၉)	ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာအခြေအနေ
ဇယား(၄၀)	ယဉ်ကျေးမှုနှင့် လူငယ်ဖွံ့ဖြိုးရေးအခြေအနေ
ဇယား(၄၁)	ဘေးကင်းလုံခြုံရေး၊ ဝန်ဆောင်မှု အထောက်အထားများအား လက်လှမ်းမှီမှု
ဇယား(၄၂)	မူခင်းဖြစ်ပွားမှုအခြေအနေ
ဇယား(၄၃)	သယ်ယူပို့ဆောင်ရေးယာဉ်များ
ဇယား(၄၄)	**လျှပ်စစ်မီးရရှိမှု အခြေအနေ**
ဇယား(၄၅)	**ဆက်သွယ်ရေး နှင့် သတင်းအချက်အလက်နည်းပညာ အခြေအနေ**
**ဇယား(၄၆)	ယဉ်ကျေးမှုနှင့်လူငယ်ဖွံ့ဖြိုးရေး အခြေအနေ**
**ဇယား(၄၇)	ဘေးကင်းလုံခြုံရေး၊ ဝန်ဆောင်မှု အထောက်အကူများအား လက်လှမ်းမှီမှု**

**ဇယား (၄၈)	မှုခင်းဖြစ်ပွားမှု အခြေအနေ**
**နောက်ဆက်တွဲ (၂)	ကျေးရွာဖွံ့ဖြိုးရေးကွင်းဆက်(ပြဿနာဆန်းစစ်ခြင်းမှ ဖြေရှင်းနည်းအထိ) ကိုးကားစာရင်း**
**အပိုင်း(ခ)	စီမံချက်ဆိုင်ရာအချက်အလက်**
စီမံချက်ဆိုင်ရာ အချက်အလက် ပုံစံ
အတိုကောက် စာလုံးများ

## စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် ၂၀၁၈-၂၀၁၉ခု ဘဏ္ဍာရေးနှစ်မှ ၂၀၂၂-၂၀၂၃ခု ဘဏ္ဍာရေးနှစ်အထိ (၅) နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ကျေးရွာ၏ ပထမဦးဆုံးသော လူအများပါဝင်ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ဖြစ်ပါသည်။ ကနဦး အနေဖြင့် စီမံချက်ဖြစ်မြောက်ရေးအတွက် လိုအပ်သောနည်းပညာများပံ့ပိုးပေးသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင် ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိ ပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင် ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ်ဆောင်ရွက်ခဲ့ကြ သော်လည်း လူထုအများ စနစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံး လုပ်နည်းများကိုမသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်း တိုင်ပင်ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့် အစီအစဉ် ရေးဆွဲရေးကျွမ်းကျင်သူ အဖွဲ့တစ်ဖွဲ့ကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်းအချက်အလက်ရရှိနိုင်မည့် နေရာများ မှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့အပြင် ထပ်မံလိုအပ်သော ကိန်းဂဏန်းအချက်အလက်များနှင့် နည်းပညာ ပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ ရယူရန်လိုအပ်ကြောင်းကိုလည်း ကောင်းစွာ သိရှိခဲ့ ပါသည်။

ယခုရေးဆွဲထားသော အစီအစဉ်ကို ထပ်မံရရှိသည့် ကိန်းဂဏန်းအချက်အလက်များ ထပ်မံ ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာ သေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင် ရမည့် လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှု တစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက်လာသည့် အခက်အခဲများ၊ ဦးစားပေးရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင်အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင်သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန် အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့၏ ဆက်လက်ပံ့ပိုးမှုများ ရရှိနိုင်မည်ဟု ကျွန်ုပ်တို့မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးဆိုင်ရာအားထုတ်မှု အခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန် အတွက် ပံ့ပိုးကူညီမှုများရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင် အပိုင်း(၂)ပိုင်း ပါရှိပါသည်။ အပိုင်း(က)တွင် ဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်းအစီအစဉ်တို့ပါဝင်ပါသည်။ အကောင်အထည်ဖော်မည့် ဗျူဟာ၊ ဦးစားပေးလုပ်ငန်းအစီအစဉ်များ၊ ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာရရှိနိုင်မည့်လမ်းကြောင်းနှင့် လုပ်ငန်းဆောင်ရွက်မှု အဆင့်ဆင့်တို့ကို အဓိက ဖော်ပြထားပါသည်။ အပိုင်း(ခ)သည် စီမံကိန်းဆိုင်ရာအချက်အလက်၊ အကြောင်းအရာများဖြစ်ပြီး အဆိုပြုစီမံကိန်းလုပ်ငန်းများ၏ အသေးစိတ်အချက်အလက်များပါဝင်ပါသည်။

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
ကုက္ကားကျေးရွာ၊ ဂန့်ဂေါမြို့နယ်

ရက်စွဲ၊ ၂၀၁၉ခုနှစ် မတ် လ ရက်

## ကုက္ကားကျေးရွာ သယံဇာတပြမြေပုံ



## အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်းအစီအစဉ်

### (၁) နိဒါန်း

### (က) ရည်ရွယ်ချက်

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်သည် အစိုးရဌာနများ၊ ပြည်တွင်း/ ပြည်ပအဖွဲ့အစည်းများ၏ နိုင်ငံအတွင်း ဆောင်ရွက်ခဲ့ပြီးသော ဖွံ့ဖြိုးရေးလုပ်ငန်းအတွေ့အကြုံများကို လေ့လာသုံးသပ်ပြီး တစ်နိုင်ငံလုံး ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းများ ရေးဆွဲအကောင်အထည်ဖော်မည့် အစီအစဉ်သစ်ဖြစ်ကြောင်းသိရှိရပါသည်။

ကျွန်ုပ်တို့၏ ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်ကို နိုင်ငံတော်၏ အကူအညီဖြင့် ရေးဆွဲရာတွင် ကျေးရွာလူထုကိုယ်တိုင် တက်ကြွစွာပါဝင်၍ ရေးဆွဲခဲ့ပါသည်။ ယခင်က ဖွံ့ဖြိုးရေး အစီအစဉ်ရေးဆွဲရေး အတွေ့အကြုံမရှိခဲ့ပါ။ ဤအစီအစဉ် ရေးဆွဲပြီးနောက် ကျေးရွာ၏ ဖွံ့ဖြိုးရေး ဆိုင်ရာ ကိန်းဂဏန်း၊ သတင်းအချက်အလက်များ ပြုစုရန် အရေးကြီးပုံကို အလေးထားမိ လာကြပါသည်။ ထိုအပြင် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး၊ ဌာနဆိုင်ရာများစသည်တို့ထံမှ လိုအပ်သော ကိန်းဂဏန်း၊ သတင်းအချက်အလက်များ ရယူရန်နှင့် ကျွန်ုပ်တို့၏ ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ရာတွင် လိုအပ်သောနည်းပညာများရရှိရန် အရေးကြီးကြောင်းကိုပါ သတိပြုမိပါသည်။

ဤအစီအစဉ်တွင် ကျေးရွာ၏ လက်ရှိလူမှုစီးပွားရေးနှင့် ဖွံ့ဖြိုးရေးအခြေအနေများ၊ ကြုံတွေ့ရသော ပြဿနာများ၊ ထိုပြဿနာများ ဖြစ်ရသည့် အရင်းခံအချက်များ၊ ဖွံ့ဖြိုးရေးကို အပံ့အပိုးဖြစ်စေသောအချက်များနှင့် အဟန့်အတားဖြစ်စေသောအချက်များ၊ (၅) နှစ်တာ ကာလအပြီးတွင် ရရှိအောင်ဆောင်ရွက်လိုသည့် ရည်မှန်းချက်များ၊ ထိုရည်မှန်းချက်များရရှိရန် ကျွန်ုပ်တို့ကျေးရွာအနေနှင့် ဆောင်ရွက်မည့် နည်းဗျူဟာများ၊ စီမံချက်များကို ရှင်းရှင်းလင်းလင်းဖော်ပြထားပါသည်။ ထို့အပြင် ဦးစားပေးလုပ်ငန်းများလုပ်ဆောင်ရန် လိုအပ်သောအရာများနှင့် ငွေကြေးရရှိနိုင်မည့် လမ်းကြောင်းများကိုလည်း ဖော်ပြထားပါသည်။

ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သော အစိုးရဌာနများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ အရပ်ဖက် လူမှုရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိက ကဏ္ဍ၊ ဘဏ်များ၊ စာပေပညာရှင်များ၊ သတင်းနှင့်ပြည်သူ့ဆက်သွယ်ရေးအဖွဲ့အစည်းများ၏ အာရုံစိုက်မှုကိုရစေပြီး ကျေးရွာဖွံ့ဖြိုးရေးနှင့် ပတ်သက်သူမှန်သမျှတို့သည် ဤအစီအစဉ်မှတ်တမ်း၏ အသုံးဝင်မှုများကို သိရှိစေရန် မျှော်လင့်ပါသည်။

### (ခ) နိုင်ငံတော်အစိုးရအဖွဲ့များအတွက် အသုံးဝင်မှု

ကျွန်ုပ်တို့၏ ကျေးရွာအဆင့်အားထုတ်မှုများအတွက် မူဝါဒနှင့် ဖွံ့ဖြိုးရေးဆိုင်ရာအကူအညီများကို စုစည်းဆောင်ရွက်ပေးနိုင်ရန် ဤဖွံ့ဖြိုးရေးစီမံချက်ကို မြို့နယ်အဆင့်၊ ပြည်နယ်နှင့်တိုင်းအဆင့်၊ ပြည်ထောင်စုအဆင့် အစိုးရအဖွဲ့အစည်းများအား တင်ပြမည်ဖြစ်ပါသည်။ ပုဂ္ဂလိကကဏ္ဍ အဖွဲ့များ

အတွက် အသုံးဝင်မှုများအနေဖြင့် ကျေးရွာလူထု၏လိုလားချက်နှင့် ၎င်းတို့၏ စီးပွားရေးဆိုင်ရာ ဝန်ဆောင်မှုများချိတ်ဆက်မှုဖွံ့ဖြိုးလာစေရန် ဗျူဟာမြောက် ဆောင်ရွက်လာနိုင်မည်ဖြစ်မည်။

အစိုးရမဟုတ်သောအဖွဲ့အစည်းများ( NGOs)၊ အရပ်ဖက် လူမှုအဖွဲ့အစည်းများ( CSOs)နှင့် အလှူရှင်အဖွဲ့အစည်းများသည် ကျေးရွာလူထု၏ အမှန်တကယ်လိုအပ်ချက်များနှင့် ဦးစားပေး ဆောင်ရွက်ရမည့်လုပ်ငန်းများအား ပိုမိုသိရှိလာနိုင်မည်ဖြစ်သည်။

ဘဏ်လုပ်ငန်းရှင်များနှင့် အသေးစား ချေးငွေလုပ်ငန်းရှင်များအနေဖြင့် ကျေးလက်ဒေသရှိ ငွေကြေးဆိုင်ရာလိုအပ်ချက်များအတွက် သတင်းအချက်အလက်များ ပိုမိုသိရှိလာနိုင်မည်ဖြစ်သည်။

နည်းပညာအထောက်အပံ့ပေးမည့် အဖွဲ့အစည်းများအနေဖြင့် ကျွန်တော်တို့ကျေးရွာနှင့် ကျေးလက်လူထု၏ တိကျသောလိုအပ်ချက်များအား သိရှိလာခြင်းကြောင့် ကျွန်တော်တို့ကျေးရွာနှင့် ဆိုင်သော ၎င်းတို့၏ သုတေသနလုပ်ငန်းများကို စီစဉ်ဆောင်ရွက်လာနိုင်မည်ဖြစ်သည်။

မီဒီယာများ၊ ပြန်ကြားဆက်သွယ်ရေးနှင့် ပြည်သူ့အရေး ရပ်တည်မှုပေးသည့် အဖွဲ့အစည်းများ အနေဖြင့် ယုံကြည်ရလောက်သည့် သတင်းအချက်အလက်များကို ရရှိနိုင်မည်။

နိုင်ငံတကာ ဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သည့် ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာငွေကြေး ဆိုင်ရာအဖွဲ့အစည်းများ(ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)၊ နိုင်ငံတကာအစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် အလှူရှင်အဖွဲ့အစည်းများအနေဖြင့် ၎င်းတို့အချင်းချင်း ပေါင်းစပ်ဆောင်ရွက်မှု ပိုမိုကောင်းမွန်စေပြီး ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်များကို မြို့နယ်အဆင့်တွင် ပေါင်းစပ်ညှိနှိုင်း စီစဉ်မှုများ ပြုလာနိုင်ပါသည်။

### (ဂ) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု

ယခင်က ဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် အချိန်ကာလတစ်ခုအတွင်း ကျွန်ုပ်တို့ကိုယ်တိုင် တတ်နိုင်သောငွေကြေး၊ အစိုးရနှင့် အခြားအဖွဲ့အစည်းများထံမှ ရနိုင်မည့် အကူအညီများကို အခြေခံကာ ဦးစားပေးစီမံကိန်းများ ချမှတ်ခဲ့ပါသည်။ ယခုအခါ ယင်းသို့မဟုတ်ဘဲ ကျယ်ပြန့်သည့် ဖွံ့ဖြိုးရေးအမြင်ဖြင့် ရေးဆွဲထားပါသည်။

လူထုဦးဆောင်ပါဝင်သည့် လုပ်ကိုင်နည်းဖြစ်သောကြောင့် လူတိုင်းပါဝင်ခွင့်ရရှိပြီး အမြင် ရှင်းလင်းမှုရစေကာ ဖွံ့ဖြိုးမှုဖြစ်စဉ်တွင် လူထုကိုအဓိကနေရာ၌ ထားရှိခြင်းဖြစ်ပါသည်။ ဤသို့ဖြင့်

လုပ်ငန်းများကို လူထုပါဝင်၍ စုစည်းခြင်း၊ ဦးစားပေးရွေးချယ်ဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာလူထု၏ ဖွံ့ဖြိုးမှုကို တိတိကျကျပံ့ပိုးပေးရာရောက်ပါသည်။

ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးအစီအစဉ်ကို အကောင်အထည်ဖော်ရာတွင် ပစ္စည်းအခက်အခဲ၊ ငွေကြေးအခက်အခဲ၊ နည်းပညာအခက်အခဲများရှိနေပါသည်။ သို့ဖြစ်၍ လက်တွေ့အကောင်အထည်ဖော်ရာတွင် ကျွန်ုပ်တို့ကျေးရွာ ဖွံ့ဖြိုးရေးလိုအပ်ချက်များအား အများဆုံးနှင့် အထိရောက်ဆုံးဖြည့်ဆည်းနိုင်မည့် စီမံကိန်းများကို ဦးစားပေးရွေးချယ်ဆောင်ရွက်ပါမည်။ ကျွန်ုပ်တို့၏ စွမ်းရည်နှင့် လိုအပ်သောအရင်းအနှီးများ ပြည့်စုံမှုအပေါ်မူတည်၍ နောင်တွင် တဖြည်းဖြည်း တိုးချဲ့ဆောင်ရွက်သွားမည့် အစီအစဉ်မျိုးဖြစ်ပါသည်။

**၂။ ပထဝီအနေအထားနှင့် သဘာဝသယံဇာတအရင်းအမြစ်များ**

**(က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင်အနေအထား**

ကျေးရွာသည် ကလေး - ဂန့်ဂေါ ကားလမ်းမပေါ်တည်ရှိပြီး အုပ်ချုပ်ရေးရုံးစိုက်ရာ ဂန့်ဂေါမြို့နှင့် ဆက်သွယ်သွားလာရာတွင် လွယ်ကူပါသည်။ ကျေးရွာသည် မြေပြန့်ဒေသတွင် တည်ရှိပြီး အဓိကအသက်မွေးဝမ်းကျောင်းလုပ်ငန်းမှာ စိုက်ပျိုးရေးလုပ်ငန်းဖြစ်ပါသည်။ ရာသီဥတုအနေဖြင့် မိုးများခြင်း၊ မိုးခေါင်းခြင်းမရှိသော်လည်း ပုံမှန်မဟုတ်ပေ။ လယ်ယာမြေများသည် မြေဆီလွှာအသင့်အတင့်အနေအထားတွင်ရှိပြီး စပါး၊ နှမ်း၊ ပဲ စိုက်ပျိုးထုတ်လုပ်ရန်နှင့် အသက်မွေးဝမ်းကျောင်းရန်အတွက် အဓိက အားထားရာ ဖြစ်သည်။

**(ခ) သဘာဝအရင်းအမြစ်**

လယ်ယာမြေအသင့်အတင့်ရှိပြီး မြေပြန့်ဒေသဖြစ်ကာ မြေဆီလွှာအသင့်အတင့် ကောင်းမွန်ပါသည်။ ကျေးရွာတွင် သဘာဝသယံဇာတ မထွက်ရှိပါ။ တောင်သူများမှ စိုက်ပျိုးရန်အတွက် မိုးကိုသာ အဓိက အားထားနေရပါသည်။ ထွန်ယက်စိုက်ပျိုးနိုင်သည့် ဧက (၆၃၅.၃၅) ဧကရှိပြီး စပါး၊ နှမ်း၊ ပဲ တို့ကို အဓိကစိုက်ပျိုးကြသည်။

**၃။ ကျေးရွာလူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ**

**(က) လူဦးရေဆိုင်ရာအချက်အလက်များ**

အိမ်ထောင်စုပေါင်း (၁၆၉) စု နှင့် ကျား( ၄၁၅)၊ မ (၄၄၆) ဦးဖြင့် လူဦးရေပေါင်း (၈၆၁)ဦးရှိကာ တစ်အိမ်ထောင်လျှင် (၅) ဦးနှုန်းရှိပါသည်။ ကျေးရွာတွင် ဗမာလူမျိုးအများစု နေထိုင်ကြပြီး အလုပ်လုပ်နိုင်သော အရွယ်သည် ကျေးရွာရှိလူဦးရေပေါင်း၏ (၆၆%) ခန့် ရှိသဖြင့် လူသား အရင်းအမြစ်ကောင်း တစ်ရပ်ဖြစ်ကာ လူငယ်များကို လေ့ကျင့်သင်ကြားပေးပြီး ဒေသစီးပွားရေးတိုးတက်အောင် စွမ်းဆောင်နိုင်သည်။ အလုပ်လုပ်နိုင်သော အရွယ်ရှိအမျိုးသမီးဦးရေသည် အမျိုးသားဦးရေထက် (၂)ဦး သာ များပါသည်။

### (ခ) စီးပွားရေးအခြေအနေ- ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု

အဓိက ဝင်ငွေရလုပ်ငန်းသည် စိုက်ပျိုးရေးဖြစ်ပြီး တစ်ရွာလုံး၏ ဝင်ငွေအနေအထားမှာ သာမန်အားဖြင့် နည်းပါးပါသည်။ ဆင်းရဲချမ်းသာ အဆင့်သတ်မှတ်မှုတွင် အိမ်ထောင်စုအားလုံး၏ (၈၁%) သည် ဆင်းရဲနှင့် အလွန်ဆင်းရဲအိမ်ထောင်စုအဖြစ် ခံယူကြပြီး (၇%) သည် ချမ်းသာသည့် အဆင့်၊ (၁၃%)သည် အလယ်အလတ်အဆင့်အဖြစ် သတ်မှတ်ကြသည်။ ကျေးရွာတွင် လယ်ယာမြေ ပိုင်ဆိုင်မှု အသင့်အတင့်ရှိသော်လည်း စိုက်ပျိုးရေအခက်အခဲရှိခြင်း၊ လယ်ယာသုံးစက်ကိရိယာများ အသုံးမပြုနိုင်ခြင်းတို့ကြောင့် ကျေးရွာစီးပွားရေးမှာ အဆင်မပြေသည့် အိမ်ထောင်စု များပြားပါသည်။

ယင်းတို့အနက် ဆင်းရဲအဆင့်သည် ကျေးရွာတွင်အများဆုံးဖြစ်ပြီး မြေယာအနည်းငယ်ပိုင်ဆိုင်သော လယ်သမားများ၊ လက်လုပ်လက်စား၊ ဆောက်လုပ်ရေးလုပ်ငန်းခွင်လုပ်သားများနှင့် မြေယာမဲ့ အိမ်ထောင်စုများပါဝင်သည်။ ကျေးရွာတွင် မြေယာမဲ့အိမ်ထောင်စု နည်းပါးသော်လည်း စိုက်ပျိုးသီးနှံ အတွက် မိုးကိုသာ အဓိကထားရပြီး စိုက်ပျိုးရေအရင်းအမြစ်မရှိခြင်း၊ သီးနှံအထွက်နှုန်းနည်းပါးခြင်း၊ သွင်းအားစုများပြားခြင်း၊ အလုပ်သမား လုပ်အားခများပြားခြင်းတို့ကြောင့် ဆင်းရဲသည့် အိမ်ထောင်စု များပြားခြင်းဖြစ်ပါသည်။

### (ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု

ကျေးရွာမှ ဆင်းရဲနှင့်အလွန်ဆင်းရဲအိမ်ထောင်စုများ၏ (၃၀) % ဖြစ်သော အိမ်ထောင်စု(၄၁)စု ကို လေ့လာဆန်းစစ်မှုအရ ဝမ်းစာဖူလုံမှုအတွက် သူတစ်ပါးထံမှ ချေးငှား၍ စားသုံးသူ (၃၃) အိမ်ထောင်စုရှိပြီး လုပ်အားခကြိုယူ၍ စားသုံးသူ (၈) အိမ်ထောင်စု ရှိကြောင်းတွေ့ရှိရပါသည်။ ၎င်းတို့အနက် (၃) လအောက် ဝမ်းစာဖူလုံမှုအတွက် ချေးငှားစာသုံးသူ (၇) အိမ်ထောင်စုနှင့် လုပ်အားခ ကြိုတင်ယူ၍ စာသုံးသူ(၅) အိမ်ထောင်စု၊ (၃) လမှ (၆)လ အကြား ဝမ်းစာဖူလုံမှုအတွက် ချေးငှား စားသုံးသူ (၁၁) အိမ်ထောင်စုနှင့် လုပ်အားခကြိုတင်ယူ၍ စားသုံးသူ (၃) အိမ်ထောင်စု၊ (၆)လမှ (၁၂)လ အထိ ဝမ်းစာဖူလုံမှုအတွက် ချေးယူ စားသုံးသူ (၁၅) အိမ်ထောင်စုရှိပါသည်။

ထိခိုက်လွယ်သော အိမ်ထောင်စုများမှာ မြေယာမဲ့အိမ်ထောင်စု၊ လက်လုပ်လက်စားများနှင့် မြေယာပိုင်ဆိုင်မှုနည်းသော အိမ်ထောင်စုများဖြစ်ကြပါသည်။

### (ဃ) ကျန်းမာရေးနှင့်အာဟာရ

ကျေးရွာတွင်း နေထိုင်သူအများစုသည် ကျန်းမာရေးကောင်းမွန်ကြပြီး ရောဂါအနေဖြင့် မသန့်ရှင်းသော စားသုံးဆီစားသုံးမိ၍ သွေးတိုးရောဂါ ဖြစ်ပွားခြင်း၊ မြေအောက်ရေ တူးဖော်ရန် ခက်ခဲပြီး သန့်ရှင်းသောသောက်သုံးရေရရှိရန် ခက်ခဲသောကြောင့် ရေမသန့်သဖြင့် ဝမ်းပျက်ဝမ်းလျှော ရောဂါ ဖြစ်ပွားလေ့ရှိပါသည်။ ကျန်းမာရေးဆိုင်ရာ ဗဟုသုတများရှိသောကြောင့် ရာသီအလိုက် ဖြစ်ပွားလေ့ ရှိသော သွေးလွန်တုပ်ကွေးရောဂါများ အဖြစ်နည်းသည်တွေ့ရပါသည်။ ကျန်းမာရေး စောက်ရှောက်မှု အနေဖြင့် ကျေးရွာတွင် ကျေးလက်ဆေးပေးခန်း၊ ကျေးလက်ကျန်းမာရေးဌာန

လိုအပ်ချက်ရှိပြီး ကျန်းမာရေးမကောင်းပါက အခြားကျေးရွာရှိဆေးပေးခန်း၊ တိုက်နယ်ဆေးရုံများသို့ သွားရောက်ပြသရပါသည်။ မြို့နှင့် လမ်းပန်းဆက်သွယ်ရေးကောင်းခြင်းကြောင့် မြို့နယ်ဆေးရုံကြီးသို့ လည်း သွားရောက်ပြသကြပါသည်။

အာဟာရအနေဖြင့် ကျောင်းအဟာရတိုက်ကျွေးမှုအစီအစဉ်များအပြင် ကျန်းမာရေးဌာနမှ အသိပညာပေးဟောပြောပွဲများ ကျင်းပပေးမှုကြောင့် ကျေးရွာသူ/ကျေးရွာသားများအနေဖြင့် အာဟာရ ပြည့်ဝအောင် စားသုံးကြပြီး အာဟာရချို့တဲ့မှု မရှိကြောင်းတွေ့ရပါသည်။

**(င) ပညာရေးနှင့် ကျွမ်းကျင်မှုများ**

ကျေးရွာ၏ ပညာရေးအဆင့်အတန်းအနေဖြင့် ရွာသူ/ရွာသား အများစုသည် အခြေခံအရေး၊ အဖတ်၊ အတွက်တို့ကို တတ်မြောက်ကြပါသည်။ တစ်ရွာလုံးတွင် လူဦးရေ (၈၆၁) ဦးရှိသည့်အနက် တက္ကသိုလ်/ကောလိပ် အဆင့်ရှိသူ(၄၀)ဦး၊ အထက်တန်းအဆင့်ရှိသူ (၁၁၂)ဦးနှင့် အလယ်တန်း အဆင့်ရှိသူ (၁၅၅) ဦးနှင့် မူလတန်းအဆင့်ရှိသူ (၄၇၅) ဦးရှိပြီး စာမတတ်မြောက်သူ ကျား (၇) ဦးနှင့် မ (၉) ဦး စုစုပေါင်း (၁၆)ဦး နှင့် အတန်းပညာ မတက်ရောက်သေးသည့်အရွယ် (၆၃)ဦးရှိပါသည်။

ကျေးရွာတွင် အလယ်တန်းကျောင်းရှိပြီး ဆရာ/ဆရာမ (၉)ဦးရှိပါသည်။ ကျောင်းတက်နှုန်း အနေဖြင့် မူလတန်းတွင် (၉၅)ဦး၊ အလယ်တန်းတွင် (၆၃)ဦး၊ အထက်တန်းတွင် (၂၂)ဦးနှင့် တက္ကသိုလ်/ကောလိပ်တက်ရောက်နေသူ (၂၃) ဦးရှိပြီး ပညာရေးအတွက် အခြေအနေကောင်းများ ရှိသည်ကိုတွေ့ရှိရပါသည်။ ဆင်းရဲသောမိသားစုအတွက် ကျောင်းစရိတ်မတတ်နိုင်မှုများရှိသည်ကို တွေ့ရပါသည်။

အသက်မွေးဝမ်းကျောင်းပညာ တတ်ကျွမ်းမှုအားနည်းပြီး လူငယ်များအတွက်အလုပ်အကိုင် အခွင့်အလမ်းများနည်းပါးပါသည်။

**(စ) ကျား/မဆိုင်ရာ ဆက်နွှယ်မှု**

ကျေးရွာအနေဖြင့် ယောကျ်ားလေးများနှင့် မိန်းကလေးများ တန်းတူအခွင့်အရေးများရှိပါသည်။ လုပ်အားခတွင်မူ မိန်းကလေးများမှာ ယောကျ်ားလေးထက် နည်းပါးပါသည်။ ကျေးရွာ၏ ဖွံ့ဖြိုးရေး ဆောင်ရွက်မှုများ၊ အုပ်ချုပ်ရေးဆောင်ရွက်မှုများတွင် မိန်းကလေးများ၏ ပါဝင်မှုအားနည်းပြီး အမျိုးသမီးများတက်ကြွစွာပါဝင်လာစေရန် အမျိုးသမီးများ၏ စိတ်ဓာတ်ရေးရာမြှင့်တင်ပေးခြင်းများ ဆောင်ရွက်သွားရန်နှင့် အားပေးခြင်းများ ပြုလုပ်သွားပါက ကျား/မဆိုင်ရာ ဆက်နွှယ်မှု ပိုမိုကောင်းမွန် လာမည်ဖြစ်ပါသည်။

**၄။ ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးမှုအခြေအနေများ**

**(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှု**

ကျေးရွာတွင် လူမှုရေးဆိုင်ရာအဖွဲ့အစည်းအနေဖြင့် ကျေးရွာတွင်း ကာလသား/ ကာလသမီး များဖြင့် ဖွဲ့စည်းထားသည့် လူငယ်အဖွဲ့သာရှိပြီး ကျေးရွာ၏ သာရေး/နာရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများ တွင် ကူညီဆောင်ရွက်ပေးလျှက်သော်လည်း အဖွဲ့အစည်းရန်ပုံငွေ လုံလောက်မှုမရှိသဖြင့် အသင်း လှုပ်ရှားဆောင်ရွက်မှု အားနည်းလျက်ရှိပါသည်။

ကျေးရွာပြင်ပ ဖွံ့ဖြိုးရေးအဖွဲ့အစည်းအနေဖြင့် Save the Children အဖွဲ့အစည်း (၁)ဖွဲ့သာ ရှိပြီး ကျန်းမာရေးအထောက်အပံ့များ ပေးသော်လည်း လုံလောက်သောအထောက်အပံ့ရရှိမှု နည်းပါးပါသည်။ ကျေးရွာတွင်း သမဝါယမအသင်းများဖွဲ့စည်းထားသော်လည်း လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်မှုအားနည်းပြီး လုပ်ငန်းများအမှန်တကယ်လုပ်ကိုင် ဆောင်ရွက်မည်ဆိုပါက ဖွံ့ဖြိုးမှုမှာ တိုးတက်လာမည်ဖြစ်ပြီး လုပ်ငန်းများအမှန်တကယ်လုပ်ကိုင်နိုင်ရေး ကြပ်မတ်ဆောင်ရွက် ပေးသင့်ပါသည်။ လယ်ယာ စိုက်ပျိုးရေးဖွံ့ဖြိုးမှုအတွက် လယ်ယာစိုက်ပျိုးရေးဘဏ်မှ စိုက်ပျိုးစရိတ်ချေးငွေများ ထုတ်ပေးလျက် ရှိပါသည်။

**(ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ**

ကျေးရွာတွင် ထွန်ယက်စိုက်ပျိုးနိုင်သည့် ဧက (၆၃၅.၃၅) ဧကရှိပြီး စပါး၊ နှမ်း၊ ပဲ တို့ကို အဓိကစိုက်ပျိုးကြသည်။ လယ်မြေ(၃၄၀.၆၅) ဧက၊  ယာမြေ (၂၈၇.၅) ဧက နှင့် ဥယျာဉ်ခြံမြေ (၇.၂)ဧက ရှိပါသည်။ စပါးအနေဖြင့် (၁)ဧက အထွက်နှုန်းမှာ (၄၅) တင်းထွက်ရှိပြီး နှမ်း (၁)ဧက ထွက်နှုန်းမှာ ပျမ်းမျှ(၅) တင်းနှင့် ပဲယင်း (၁)ဧက ထွက်နှုန်းမှာ ပျမ်းမျှ (၅.၅) တင်း ထွက်ရှိပါသည်။ လယ်ယာစိုက်ပျိုးရေးကဏ္ဍာတွင် စိုက်ပျိုးရေ အရင်းအမြစ်မရရှိခြင်း၊ လုပ်သားရှားပါးခြင်း၊ ရာသီဥတုမမှန်ခြင်းတို့ကြောင့် သီးနှံအထွက်နှုန်းလျော့ကျပြီး တောင်သူများအနေဖြင့် အခက်အခဲများ ကြုံတွေ့လျက်ရှိပါသည်။

မွေးမြူရေးအနေဖြင့် တောင်သူအများစုဖြစ်သောကြောင့် အိမ်ထောင်စုအများမှာ လယ်ယာထွန်ယက်ခိုင်းစေရန် တစ်နိုင်တစ်ပိုင် နွားများမွေးမြူ ထားကြပြီး စီးပွားဖြစ်မွေးမြူခြင်းမရှိပေ။ ကျေးရွာတွင် တစ်နိုင်တစ်ပိုင် ကြက်နှင့် ဝက် မွေးမြူသူများလည်းရှိပြီး စီးပွားဖြစ်မွေးမြူသူရှားပါးပါသည်။ ကျေးရွာအနေဖြင့် မွေးမြူရေးထက် စိုက်ပျိုးရေးကိုသာ အဓိကထား လုပ်ကိုင်လျက်ရှိပါသည်။ ကျေးရွာတွင် တိရစ္ဆာန်ကူးစက်ရောဂါ ကျရောက်ပါက တောင်သူများ ထိခိုက်လွယ်ပြီး ရောဂါကူးစက်ပါက မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနနှင့် ချိတ်ဆက်ဆောင်ရွက်လျက်ရှိပါသည်။ ရောဂါကျရောက်ရခြင်းမှာ အခြားဒေသမှ တိရစ္ဆာန်များ သယ်ယူရာမှ အများဆုံးဖြစ်ပွားကြောင်း တွေ့ရှိရပြီး ၎င်းတို့အား ထိန်းချုပ်ရန် လိုအပ်လျက်ရှိပါသည်။

**(ဂ) စိုက်/ မွေး မဟုတ်သောအသက်မွေးဝမ်းကျောင်းလုပ်ငန်းများ**

ကျေးရွာတွင် စိုက်/မွေးမဟုတ်သောလုပ်ငန်းများအနေဖြင့် နေ့စားအလုပ်သမားများ၊ ပန်းရံ/လက်သမား၊ ကုန်စုံဆိုင်၊ ကားမောင်းခြင်း နှင့် ဆောက်လုပ်ရေးလမ်းများတွင် နေ့စားလုပ်ကိုင်ခြင်းများ၊ အစိုးရဝန်ထမ်း အနည်းငယ်နှင့် ကုမ္ပဏီ ဝန်ထမ်း (၁) ဦး လုပ်ကိုင်လျက်ရှိပြီး ပုံမှန်ဝင်ငွေရရှိသော သက်မွေးလုပ်ငန်းရှားပါးလျက်ရှိပါသည်။ ကျေးရွာအနေဖြင့် မိရိုးဖလာ စိုက်ပျိုးရေးကိုသာ အဓိကထားလုပ်ကိုင်ပြီး အခြားသက်မွေး ပညာရပ်များ တတ်မြောက်မှု နည်းပါးခြင်း၊ အရင်းအနှီးမရှိခြင်းနှင့် စိုက်/မွေးမဟုတ်သော အသက်မွေးဝမ်းကျောင်း လုပ်ငန်းများအတွက် အလုပ်အကိုင်အခွင့်အလမ်းရှားပါးခြင်းတို့ကြောင့် ကျေးရွာမှ စိုက်/မွေးမဟုတ်သောလုပ်ငန်း လုပ်ကိုင်သူများအတွက် အခက်အခဲများ ဖြစ်ပေါ်လျက်ရှိပါသည်။

**(ဃ) ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များဆိုင်ရာ စီမံခန့်ခွဲမှု**

ကျေးရွာမှ တောင်သူများအနေဖြင့် စိုက်ခင်းများတွင် သဘာဝမြေသြဇာထက် ဓာတုပိုးသတ်ဆေးနှင့် ဓာတ်မြေသြဇာများအသုံးပြုခြင်းကြောင့် မြေဆီလွှာပျက်စီးမှုများ ရှိပါသည်။ အမှိုက်စွန့်ပစ်စနစ်ဖြင့် အမှိုက်များ စနစ်တကျ စွန့်ပစ်နိုင်ရေးအတွက် ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ရပ်မိရပ်ဖများမှ စီစဉ်ဆောင်ရွက် လျက်ရှိပါသည်။

**(င) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု**

ကျေးရွာမှ တောင်သူများအနေဖြင့် လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ လယ်ပိုင်ဆိုင်မှုအလိုက် ချေးငွေများထုတ်ချေးပေးလျက်ရှိပါသည်။ ကျေးရွာတွင်လည်း သမငွေစုငွေချေး အသင်းများရှိပြီး အသင်းဝင်များအား ထုတ်ချေးပေးလျက်ရှိပါသည်။

**(စ) ပညာရေး၊ ကျန်းမာရေး၊ ရေ နှင့် ပတ်ဝန်းကျင်သန့်ရှင်းမှု**

ကျေးရွာတွင် အခြေခံပညာအလယ်တန်းကျောင်းရှိပြီး မူလတန်းမှ တက္ကသိုလ်/ကောလိပ် အထိ ကျောင်းတက်ရောက်နေသည့် ကျောင်းသား (၂၀၃) ယောက်ရှိပြီး ကျောင်းနေရမည့် အရွယ်တွင် ကျောင်းမတက်သည့် ကလေးငယ်များ မရှိကြောင်းတွေ့ရှိရပါသည်။ သို့သော် မူလတန်းနှင့် အလယ်တန်းတွင် တက်ရောက်နှုန်း များသော်လည်း အထက်တန်းနှင့် တက္ကသိုလ်/ ကောလိပ် တက်ရောက်နှုန်းမှာ လျော့နည်းသွားသည်ကို တွေ့ရှိရပါသည်။ ကျေးရွာတွင် လူဦးရေ (၈၆၁) ဦးရှိသည့် အနက် စာမတတ်မြောက်သူ (၁၆) ဦး ရှိပြီး အများစုမှာ အရေး၊ အဖတ်၊ အတွက် အခြေခံတတ်မြောက်ကြပြီး ပညာရေး အသင့်အတင့်ရှိသည်ကို တွေ့ရပါသည်။

ကျန်းမာရေးအနေဖြင့် ကျေးရွာတွင် ကျန်းမာရေးဆေးပေးခန်း၊ ကျန်းမာရေးဌာနခွဲမရှိသဖြင့် နီးစပ်ရာ ကျေးလက်ဆေးပေးခန်း၊ တိုက်နယ်ဆေးရုံများနှင့် မြို့နယ်ဆေးရုံကြီးများသို့ သွားရောက်ပြသရပါသည်။ ကျေးရွာသည် ကလေး-ဂန့်ဂေါ လမ်းမကြီးပေါ်တွင်ရှိပြီး လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်သောကြောင့် ကျန်းမာရေးလက်လှမ်းမီပြီး ကျန်းမာရေးဗဟုသုတများလည်း အသင့်အတင့်ရှိပါသည်။ ကျန်းမာရေးဦးစီးဌာနမှလည်း သက်ဆိုင်ရာရောဂါအလိုက်ကာကွယ်ဆေးများ လာရောက်ထိုးနှံပေးလျက်ရှိပါသည်။ အဓိကအားဖြင့် စားသုံးဆီများစားသုံးသောကြောင့် သွေးတိုးရောဂါအဖြစ်များကြောင်း တွေ့ရှိရပါသည်။

ကျေးရွာတွင် သန့်ရှင်းသော သောက်သုံးရေရရှိပါသည်။ ကျေးရွာတွင် အိမ်ထောင်စုတိုင်း ယင်လုံအိမ်သာ သုံးစွဲကြပြီး အမှိုက်များအား သတ်မှတ်နေရာ တွင်ပစ်ခြင်း၊ လယ်တောများသို့ စွန့်ပစ်ခြင်းစသည့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အသိပညာ များလည်း ရှိကြပါသည်။

**(ဆ) လူငယ်နှင့် ယဉ်ကျေးမှု**

ကျေးရွာတွင် လူငယ်များအနေဖြင့် အားကစားလေ့လာလိုက်စားသူများသော်လည်း အားကစားကွင်းမရှိခြင်းကြောင့် အားကစားကွင်းလိုအပ်လျက်ရှိပါသည်။ ထို့အပြင် ကျေးရွာမှလူငယ်များ အနေဖြင့် အလုပ်လုပ်ကိုင်လိုစိတ်ရှိသော်လည်း အလုပ်အကိုင်အခွင့်အလမ်း နည်းပါးခြင်း နှင့် ရှားပါးခြင်းတို့ကြောင့် အလုပ်လက်မဲ့များပေါများလျက်ရှိပါသည်။ ကျေးရွာရှိလူငယ်များသည် သာရေး/

နာရေးများတွင် တက်ကြွစွာပါဝင်ဆောင်ရွက်ကြသော်လည်း ယဉ်ကျေးမှု ထိန်းသိမ်းရာတွင် အားနည်းလျက်ရှိပါသည်။

**(ဇ) အခြေခံအဆောက်အဦးများအား လက်လှမ်းမှီမှု - လမ်းတံတား၊ လျှပ်စစ်စွမ်းအား ၊ သတင်းနှင့်ဆက်သွယ်ရေး**

ကျေးရွာမှ ရွာတွင်းလမ်းမှာ မြေသားလမ်းဖြစ်ပြီး ရွံ့စေးမြေများဖြစ်သောကြောင့် မိုးရာသီသွားလာရာတွင် ဗွက်များဖြစ်ပေါ်လျက်ရှိပြီး အဆင့်မြှင့်တင်ရန် လိုအပ်လျက်ရှိပါသည်။ ရွာတွင်းလမ်းများ ရာသီမရွေး သွားလာနိုင်ပါက ကျွန်တော်တို့ကျေးရွာသည် ကလေး-ဂန့်ဂေါ ကားလမ်းပေါ်တွင်ရှိသောကြောင့် ကဏ္ဍပေါင်းစုံ သွားရေးလာရေးအတွက် အဆင်ပြေချောမွေ့ လာမည် ဖြစ်ပါသည်။

လျှပ်စစ်စွမ်းအားအနေဖြင့် ကျေးရွာမှ မဟာဓာတ်အားလိုင်းနှင့် ဝေးကွာသောကြောင့် လျှပ်စစ်မီးရရှိခြင်းမရှိဘဲ တစ်အိမ်သုံးဆိုလာစနစ်ဖြင့် အသုံးပြုနေသူ(၉၆)အိမ်၊ ရွာဦးဘုန်းတော်ကြီးကျောင်းမှဒီဇယ်အင်ဂျင်ဖြင့် အသုံးပြုနေသူ (၅၇)အိမ် နှင့် ဘက်ထရီဖြင့်အသုံးပြုနေသူ (၁၀)ဦးနှင့် လျှပ်စစ်မီးအသုံးမပြုနိုင်သူ (၆) ကျေးရွာတွင်း သတင်းနှင့်ဆက်သွယ်ရေးအတွက် လက်ကိုင်ဖုန်းများတွင်ကျယ်စွာအသုံးပြု လျက်ရှိပါသည်။ ကျေးရွာတွင်း စာကြည့်တိုက်ရှိသော်လည်း စာအုပ်များနည်းပါးခြင်းနှင့် စာဖတ်သူ နည်းပါးပါသည်။

**(ဈ) တည်ငြိမ်အေးချမ်းရေးနှင့် ပြည်သူ့လုံခြုံရေး**

ကျေးရွာတွင် မှုခင်းတစ်စုံတစ်ရာ ဖြစ်ပွားမှုမရှိပဲ တည်ငြိမ်အေးချမ်းလျက်ရှိပါသည်။ မြို့နှင့်လမ်းပန်းဆက်သွယ်ရေးကောင်းသောကြောင့် ပြည်သူ့လုံခြုံရေးအတွက် ပြည်သူ့ရဲတပ်ဖွဲ့ နှင့် အမြဲချိတ်ဆက်၍ တရားဥပဒေစိုးမိုးမှုအတွက် ဆောင်ရွက်လျက်ရှိပါသည်။

**၅။ ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ၊ အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ**

**(က) ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ**

ကျေးရွာသည် ကလေး-ဂန့်ဂေါ ကားလမ်းမပေါ်တွင်တည်ရှိသောကြောင့် လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ပြီး ကျေးရွာထွက်ကုန်များကို ဈေးကွက်သို့ တင်ပို့ရောင်းချနိုင်ခြင်း၊ မြေပြန့်ဒေသဖြစ်သော်လည်း ရေကြီးခြင်း၊ လျောင်လှုပ်ခြင်း စသည့်သဘာဝဘေးအန္တရာယ်ကျရောက်မှုမရှိခြင်းတို့မှာ ကျေးရွာ၏ ဖွံ့ဖြိုးတိုးတက်မှုအတွက် အထောက်အပံ့ကောင်းများဖြစ်ပါသည်။ ထို့အပြင်ကျေးရွာမှ အိမ်ထောင်စု အများစုမှာ မြေယာပိုင်ဆိုင်ကြပြီး စနစ်တကျ နည်းမှန်လမ်းမှန်စိုက်ပျိုးပါက ကျေးရွာ၏ စိုက်ပျိုးရေးနှင့် ဝင်ငွေတိုးပွားလာမည်ဖြစ်ပါသည်။ ထိုသို့နည်းမှန်လမ်းမှန် စိုက်ပျိုးနိုင်ရေးအတွက် မြို့နယ်စိုက်ပျိုးရေးဌာနနှင့် ချိတ်ဆက်ဆောင်ရွက်ရန် လွယ်ကူခြင်း၊ မျိုးကောင်းမျိုးသန့်များ ဝယ်ယူရရှိနိုင်ခြင်း၊ စိုက်ပျိုးရေးအတွက် လိုအပ်သော သွင်းအားစုများအား အလွယ်တကူ ဝယ်ယူရရှိနိုင်ခြင်းတို့မှာ ကျေးရွာ၏ဖွံ့ဖြိုးတိုးတက်မှုအတွက် အခြေအနေကောင်းများဖြစ်ပါသည်။ မွေးမြူရေးအတွက် အခြေအနေကောင်းများအနေဖြင့် စီးပွားဖြစ်မွေးမြူသူမရှိသော်လည်း လယ်ယာ စိုက်ပျိုးရေးတွင် အသုံးပြုရန် အိမ်ထောင်စုအများစုတွင် နွားများမွေးမြူထားပြီး ရောဂါဖြစ်ပွားပါကလည်း

မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနနှင့် ချိတ်ဆက်ဆောင်ရွက်လျက်ရှိပါသည်။ ထို့အပြင် ဝက်၊ ကြက်မွေးမြူသူများလည်းရှိပြီး နည်းပညာများပံ့ပိုးပေးပါက တစ်နိုင်တစ်ပိုင်မွေးမြူရေးမှ စီးပွားဖြစ်မွေးမြူရေးသို့ တိုးတက်လာမည့် အခွင့်အလမ်းများ ရှိပါသည်။

ထို့အပြင် ကျေးရွာလူဦးရေ (၈၆၁) ဦးရှိသည့်အနက် (၅၆၈) ဦးမှာ အလုပ်လုပ်ကိုင်နိုင်သည့် အရွယ်များဖြစ်၍ ၎င်းတို့အား သက်မွေးပညာရပ်များပို့ချပေးခြင်း၊ လူ့စွမ်းအားအရင်းအမြစ် တိုးတက်လာစေရန် လေ့ကျင့်ပေးခြင်းနှင့် အလုပ်အကိုင်အခွင့်အလမ်းများဖန်တီးပေးပါက ကျေးရွာဖွံ့ဖြိုးရေးအတွက် အထောက်အပံ့ကောင်းများဖြစ်လာမည်ဖြစ်ပါသည်။

ပညာရေးအနေဖြင့် ကျေးရွာတွင် အလယ်တန်းကျောင်းရှိပြီး ကျေးရွာတွင် ကျောင်းနေသင့်သည့် အရွယ်အားလုံး ကျောင်းနေကြသဖြင့် ပညာရေးအတွက် အလားအလာကောင်းများရှိပါသည်။

ကျန်းမာရေးဖွံ့ဖြိုးမှုအနေဖြင့် ကျေးရွာတွင် ကျန်းမာရေးဌာနခွဲမရှိသော်လည်း လမ်းပန်းဆက်သွယ်ရေးကောင်းမွန်သောကြောင့် နီးစပ်ရာကျေးရွာ ကျေးလက်ကျန်းမာရေးဌာနခွဲ၊ တိုက်နယ်ဆေးရုံ၊ မြို့နယ်ဆေးရုံများသို့ အလွယ်တကူ သွားလာနိုင်ခြင်း၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှလည်း သက်ဆိုင်ရာရောဂါကာကွယ်ဆေးများအား အချိန်နှင့်တစ်ပြေးညီ ထိုးနှံပေးခြင်း ကျန်းမာရေးဗဟုသုတရှိခြင်းတို့မှာ ကျန်းမာရေးအသိပညာဖွံ့ဖြိုးမှုအတွက် အခြေအနေကောင်းများဖြစ်ပါသည်။

၎င်းအပြင်ကျေးရွာ၌ အိမ်ထောင်စုတိုင်း ယင်လုံအိမ်သာသုံးစွဲပြီး အမှိုက်များစွန့်ပစ်ရာတွင်လည်း စနစ်တကျ စွန့်ပစ်သောကြောင့် တစ်ကိုယ်ရေးသန့်ရှင်းမှုကို အလေးထားခြင်းစသည့် ကျန်းမာရေးဖွံ့ဖြိုးမှုအတွက် အလားအလာကောင်းများတွေ့ရှိပါသည်။

ကျေးရွာတွင်း လျှပ်စစ်မီးအတွက် မဟာဓာတ်အားလိုင်းမှ လျှပ်စစ်ဓာတ်အား ရရှိတော့မည်ဖြစ်ပါသည်။

ကျေးရွာတွင် နောက်ထပ် ဖွံ့ဖြိုးမှုအတွက် အခြေအနေကောင်းများအနေဖြင့် ကျေးရွာအတွင်း တရားဥပဒေစိုးမိုးမှုရှိခြင်း၊ မူးယစ်ဆေးဝါးကင်းစင်ခြင်း၊ မှုခင်းဖြစ်ပွားမှုမရှိခြင်း၊ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်ပြီး အုပ်ချုပ်မှုလက်လှမ်းမှီခြင်း၊ ဥပဒေဆိုင်ရာ ဗဟုသုတရှိခြင်းတို့မှာ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက်အခြေအနေကောင်းများဖြစ်ပါသည်။

**(ခ) အဟန့်အတားနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ**

ကျေးရွာအနေများ လယ်/ယာများ ပိုင်ဆိုင်ကြသော်လည်း အခြားသယံဇာတထွက်ကုန်မရှိခြင်း၊ သွင်းအားစုလိုအပ်ချက်များပြားခြင်း၊ စိုက်ပျိုးရေ အရင်းအမြစ်မရှိခြင်း၊ မိုးကိုသာအားထားရပြီး ရာသီဥတုမမှန်ခြင်းနှင့် ကုန်ဈေးနှုန်းမတည်ငြိမ်ခြင်းတို့ကြောင့် တောင်သူများအနေဖြင့် သီးနှံအထွက်နှုန်းလျော့နည်းပြီး အရှုံးနှင့်သာ ကြုံတွေ့နေရပါသည်။ မွေးမြူရေးတွင်လည်း မိရိုးဖလာအရ စိုက်ပျိုးရေးကိုသာ လုပ်ကိုင်လာသောကြောင့် စီးပွားဖြစ် မွေးမြူရေးလုပ်ကိုင်လိုသူမရှိဘဲ တစ်နိုင်တစ်ပိုင် မွေးမြူရေးလောက်သာ မွေးမြူကြသည်မှာ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အဟန့်အတားများဖြစ်ပါသည်။

အဓိက အဟန့်အတားအနေဖြင့် ကျေးရွာတွင် အလုပ်လုပ်ကိုင်နိုင်သည့် လူငယ်များ ရှိသော်လည်း ဝင်ငွေရအလုပ်အကိုင်အခွင့်အလမ်းနည်းပါးခြင်းနှင့် သက်မွေးပညာရပ်များ တတ်မြောက်မှုနည်းပါးခြင်းတို့မှာ ရင်ဆိုင်ကျော်လွှားရမည် အခက်အခဲနှင့် စိန်ခေါ်မှုများဖြစ်ပါသည်။

**၆။ ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်နှင့် မဟာဗျူဟာ**

**(က) ဖွံ့ဖြိုးရေးပန်းတိုင်**

ကျေးရွာ၏ ဖွံ့ဖြိုးရေးပန်းတိုင်အနေဖြင့် ကျေးရွာလူထုကိုယ်တိုင်ပါဝင်၍ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအကူအညီဖြင့် စီမံချက်များရေးဆွဲ၍ ကျေးရွာ၏ ဆောင်ရွက်လိုသည့် ဖွံ့ဖြိုးရေးပန်းတိုင်များကို အောက်ပါအတိုင်းချမှတ်ထားပါသည်-

(က-၁) ကျေးရွာဒေသခံပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျေးရွာတွင် လိုအပ်နေသော အခြေခံအဆောက်အဦးများတည်ထောင်ခြင်း၊ သန့်ရှင်းသောသောက်သုံးရေရရှိရေး နှင့် အခြေခံလိုအပ်ချက်များ ဆောင်ရွက်ပေးခြင်းဖြင့် ပိုမိုကောင်းမွန်ပြည့်စုံသော အခြေအနေများ ပိုင်ဆိုင်ရရှိစေမည်။

(က-၂) ကျေးရွာတွင်း အလုပ်အကိုင်အခွင့်အလမ်းနည်းပါးခြင်းကြောင့် အသက်မွေးဝမ်းကျောင်း ပညာရပ်များ တတ်ကျွမ်း နားလည် ၍လုပ်ငန်းများဆောင်ရွက်ရရှိခြင်းမှ တဆင့်ဝင်ငွေရှာဖွေခြင်း နှင့် စီးပွားရေး အနေအထားတိုးတက် ရရှိစေမည်။

(က-၃) ကျွန်ုပ်တို့ ကျေးရွာတွင် စိုက် / မွေးမဟုတ်သော သင်တန်းများဖွင့်လှစ်ခြင်း ၊ စိုက်ပျိုးရေးနည်းပညာ များရရှိခြင်းဖြင့် ဝင်ငွေအသင့်အတင့်ရရှိပြီး အလုပ်အကိုင်အခွင့်အလမ်း တိုးတက်လာမည်။

**(ခ) အကောင်အထည်ဖော်မည့်နည်းဗျူဟာ**

ကျွန်ုပ်တို့သည် အထက်တွင်ဖော်ပြထားသော ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်များကို ရောက်ရှိရန် အောက်ပါအကောင်အထည်ဖော်မှုများကို ဆောင်ရွက်သွားကြမည်-

(ခ-၁) ကျေးရွာရှိ ရွာတွင်းလမ်းအား အဆင့်မြှင့်တင်ခြင်းဖြင့် ကျေးရွာနေပြည်သူများ၏ သွားရေးလာရေး၊ မမျှော်မှန်းနိုင်သော အန္တရာယ် (ဥပမာ- မီးဘေးအန္တရယ်) များကျ ရောက်ပါက ကားဝင်၊ ကားထွက် လွယ်ကူစေရန်နှင့် ပျက်စီးပါက ကျေးရွာများ၏ လုပ်အားဖြင့် ထိန်းသိမ်းဆောင်ရွက်ရန် စီမံသွားမည်ဖြစ်ပါသည်။

(ခ-၂) ကျေးရွာရှိဒေသခံပြည်သူများမှ လုပ်အား၊ ငွေအား ပူးပေါင်းပါဝင်မှုဖြင့် စက်ရေတွင်း သစ်တူးဖော်၍ စက်ရေတွင်းရေရှည်ထိန်းသိမ်းစောင့်ရှောက်ရန် စီမံခန့်ခွဲဆောင်ရွက်သွားကြမည်။

(ခ-၃) စိုက်ပျိုးရေ အရင်းအမြစ်ရရှိရေး ကျေးရွာ၌ ရှိသောဆည်တမံအား ပြုပြင်နိုင်ရေး ဆည်မြောင်း ဦးစီးဌာနနှင့် ချိတ်ဆက်ဆောင်ရွက်ပြီး ကျေးရွာမှ လုပ်အား၊ ငွေအားဖြင့် ဆောင်ရွက်နိုင်ရေး စီမံ ဆောင်ရွက်သွားမည်။

(ခ-၄) ကျေးရွာဒေသခံပြည်သူများ ကျန်းမာရေးနှင့်ပတ်သက်၍ လွယ်လင့်တကူဝန်ဆောင်မှုရရှိ နိုင်ရေး ကျန်းမာရေးဦးစီးဌာနနှင့် ချိတ်ဆက်၍ ကျေးရွာ ကျန်းမာရေးဌာနခွဲရရှိနိုင်ရေး ဆောင်ရွက်သွားမည်။

(ခ-၅) ကျေးရွာ၌ စိုက်ပျိုးရေးအဓိက လုပ်ကိုင်သောကြောင့် စိုက်ပျိုးရေးထွက်ကုန်များ အလွယ်တကူ သယ်ယူပို့ဆောင်နိုင်ရေး ကုန်ထုတ်လမ်းဖောက်လုပ်နိုင်ရေး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနနှင့် ချိတ်ဆက်ဆောင်ရွက်သွားမည်

(ခ-၆) ကျေးရွာ၏ စာသင်ကျောင်းလုံခြုံရေးအတွက် ခြံစည်းရိုးခတ်နိုင်ရေး ပညာရေးဌာနနှင့် ကျေးရွာ မှ ပူးပေါင်း၍ အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

(ခ-၇) ကျေးရွာရှိလူငယ်လူရွယ်အများစုမှာ အားကစားလိုက်စားမှုအလေ့အကျင့်ရရှိရန်နှင့် ကျေးရွာ လူငယ်များအတွက် အားကစားကွင်း ဖော်ဆောင်နိုင်ရေး သက်ဆိုင်ရာဌာန၊ ကျေးရွာတာဝန်ရှိသူများ၊ ရပ်မိရပ်ဖများနှင့် အားကစား ကွင်း မြေနေရာရရှိရေး အကူအညီတောင်းခံ ဆောင်ရွက်သွားမည်။

(ခ-၈) ကျေးရွာတွင် ငွေကြေးဝန်ဆောင်မှုနှင့် အသက်မွေးဝမ်းကျောင်းသင်တန်း၊ စိုက်ပျိုးရေးနှင့် ပတ်သက်သော နည်းပညာများကို ရရှိရန် သက်ဆိုင်ရာဌာနများ၊ ပြင်ပအဖွဲ့အစည်းများနှင့် အကောင် အထည်ဖော် ဆောင်ရွက်သွားမည်။

## ၇။ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ အကောင်အထည်ဖော်ရာတွင် မြို့နယ်နှင့် အထက်အဆင့်မှ ကူညီ ဖြေရှင်းပေးရမည့် ကိစ္စများ

အစိုးရ၏မူဝါဒနှင့် လုပ်ငန်းအစီအစဉ်တို့ကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ နည်းပညာအကြံပေးအဖွဲ့တို့၏ အကြံပြုချက်အရ နိုင်ငံတော်အဆင့်မှသည် ဒေသဆိုင်ရာအဆင့်၊ ထိုမှတစ်ဆင့် ကျွန်ုပ်တို့ ကျေးရွာအဆင့်ထိ ပံ့ပိုးမှုပေးနိုင်မည့်အစိုးရဌာနများနှင့် အဖွဲ့အစည်းများကို ရှာဖွေဖော်ထုတ် ပေးနိုင်ကြပါသည်။

### (က) စိုက်ပျိုးရေးနည်းပညာများရရှိနိုင်စေရေး

ကျေးရွာတွင် စပါး၊ နှမ်းနှင့် ပဲအမျိုးမျိုးစိုက်ပျိုးကြပါသည်။ တောင်သူများသည် ဖျက်ပိုး ကျရောက်ခြင်းကို နှိမ်နင်းရန် နည်းစနစ်ကောင်းလိုအပ်ပါသည်။ ဖျက်ပိုးနှိမ်နင်းရေးအတွက် သက်ဆိုင် ရာ စိုက်ပျိုးရေးဦးစီးဌာနနှင့် ပုဂ္ဂလိကဆေးအရောင်းဆိုင်များကိုသာ မှီခိုအားထားမှုပိုများပါသည်။ သီးနှံဖျက်ပိုးများကို စနစ်တကျ ပိုးသတ်ဆေးဖျန်းပက်ခြင်း မရှိသောကြောင့် တောင်သူများ အတွက် အထွက်နှုန်းလျော့ကျ၍ ဝင်ငွေလျော့နည်းပါသည်။ စိုက်ပျိုးရေးနည်းပညာများ၊ ပိုးမွှားနှိမ် နင်းရေး

နည်းပညာများရရှိရန် စိုက်ပျိုးရေးဦးစီးဌာနမှ ပညာပေးဟောပြောပွဲများ ကျင်းပခြင်းနှင့် ကွင်းဆင်းစစ်ဆေးခြင်းများ ဆောင်ရွက်ပေးစေလိုပါသည်။

**(ခ) ငွေရေးကြေးရေးနှင့်ဘဏ်လုပ်ငန်းများ**

ကျေးရွာရှိ လယ်သမားများအတွက် လယ်ယာဖွံ့ဖြိုးရေးဘဏ်နှင့် သမဝါယမအသင်းတို့မှ ချေးငွေရရှိသော်လည်း ရာသီဥတုမမှန်ခြင်း စိုက်ပျိုးရေအရင်းအမြစ်မရှိခြင်းတို့ကြောင့် တောင်သူများ အခက်ကြုံလျက်ရှိပါသည်။ ထိုအပြင် အသေးစားအသက်မွေးဝမ်းကျောင်းလုပ်ငန်းများအတွက် ချေးငွေရရှိအောင် ဆောင်ရွက်ပေးမည်ဆိုပါက ကျေးရွာဖွံ့ဖြိုးရေးအတွက် အထောက်အကူဖြစ် လာမည်ဖြစ်ပါသည်။

**(ဂ) စိုက်/မွေးမဟုတ်သော အသက်မွေးဝမ်းကျောင်းသင်တန်းများဖွင့်လှစ်ရရှိရေး**

ကျေးရွာတွင် အသက်မွေးဝမ်းကျောင်းသင်တန်းများ ဖွင့်လှစ်မည်ဆိုပါလျှင် လူငယ်များနှင့် အမျိုးသမီးများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ဖွံ့ဖြိုးလာမည်ဖြစ်ပါသည်။ ကျွန်တော်တို့ ကျေးရွာတွင် အသေးစားလုပ်ငန်းများအတွက် အကျိုးဖြစ်ထွန်းစေမည့်လုပ်ငန်းသစ်များမရှိသေးပါ။ ကျေးရွာတွင် တနိုင်တပိုင် ဝင်ငွေများ အသင့်အတင့်ရရှိရန် အသက်မွေးဝမ်းကျောင်း သင်တန်းများ ကို တက်ရောက်လိုပါသည်။ မြို့ပြတွင်သင်တန်းများစွာရှိပါသည်။ ကျေးရွာတွင် လက်လုပ်လက်စားများ သဖြင့် သင်တန်းများနှင့် လက်လှမ်းမီမှုအားနည်းပါသည်။ သင်တန်းများကို ဖွင့်လှစ်ပေး နေသော ကျေးလက်ဦးစီး နှင့် ပြင်ပအဖွဲ့အစည်းများဖြစ်သော NGO, INGO များမှ သင်တန်း များကို ကျွန်တော်တို့ကျေးရွာသို့ လာရောက်ဖွင့်လှစ်မည်ဆိုပါလျှင် အလုပ်အကိုင် အခွင့်အလမ်းများ ဖွံ့ဖြိုးပြီး ဝင်ငွေရရှိမည်ဖြစ်ပါသည်။

**(ဃ) လျှပ်စစ်မီးလင်းရေးရရှိအောင် ဆောင်ရွက်ခြင်း**

ကျွန်တော်တို့ ကျေးရွာသည် လျှပ်စစ်မီးမရရှိသေးပါ။ မဟာဓာတ်အားလိုင်းနှင့် ဝေးကွာခြင်း၊ မီးလင်းရေးကို ဆောင်ရွက်နိုင်သော ငွေကြေးအလုံအလောက် မရှိခြင်းတို့ကြောင့် မဟာဓာတ်အားလိုင်း မီးလင်းရေးကို ဆောင်ရွက်နိုင်ခြင်းမရှိသော်လည်း ၂၀၁၇-၂၀၁၈ခု ဘဏ္ဍာရေးနှစ်တွင် ပြည်သူ့ ထည့်ဝင်ငွေဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဆောင်ရွက်မည့် တစ်အိမ်သုံးဆိုလာ မီးလင်းရေးစနစ်ဖြင့် ကျေးရွာမီးလင်းရေးအား ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ ကျေးရွာ မီးလင်းရေး ကော်မတီကိုလည်း ဖွဲ့စည်းထားရှိပြီးဖြစ်ပါသည်။

**၈။ ဦးစားပေးစီမံချက်များနှင့် အကောင်အထည်ဖော်ဆောင်ရွက်မည့် အချိန်ကာလ**

စီမံချက်များသည် အကောင်အထည်ဖော်မည့်ဗျူဟာများကို လုပ်ငန်းဆောင်ရွက်မှုများအဖြစ် သဘောထားနားလည်နိုင်စေမည့် ဖော်ထုတ်ချက်များဖြစ်သည်။ ထို့ကြောင့် စီမံချက်များသည် (၅) နှစ်

ကာလအတွင်း ချမှတ်ထားသောပန်းတိုင်များကို ရောက်ရှိရန်ပါဝင်ပေးမည့် ဖွံ့ဖြိုးရေးလုပ်ငန်း အကောင်အထည်ဖော်မှုဆိုင်ရာ အဓိကသော့ချက်များဖြစ်သည်။

**(က) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်း**

ကျေးရွာလူထုက (၅) နှစ် အတွင်းဆောင်ရွက်လိုသည့် စီမံချက်လုပ်ငန်းများအား ဖော်ထုတ်၍ ဦးစားပေးအလိုက်ရေးဆွဲခဲ့သော်လည်း စီမံချက်များသည် မည်သို့မျှ ပြည့်စုံမှုမရှိနိုင်ပါ။ သို့ဖြစ်၍ ကျေးရွာလူထုသည် (၂) နှစ်၊ (၃) နှစ်တာကာလများတွင်လည်း နောက်ထပ်ဆောင်ရွက်မည့် ဦးစားပေး လုပ်ငန်းများကိုလည်း ဖော်ထုတ်သွားကြပါမည်။ သို့ပါသောကြောင့် ရေးဆွဲထားသည့် (၅) နှစ်တာ စီမံချက်သည် ပြင်းထန်သော သဘာဝဘေးအန္တရာယ်ကဲ့သို့ ထိခိုက်စရာများမပေါ်ပေါက်ပါက အနည်း နှင့်အများဆိုသလို ပြောင်းလဲမှုမရှိနိုင်ဘဲ နောက်ထပ်တိုးလာမည့် လုပ်ငန်းစီမံချက်များသာ ပါဝင် လာနိုင်ပါမည်။ ထို့ကြောင့် (၅)နှစ်တာကာလ ကျေးရွာဖွံ့ဖြိုးရေးစီမံချက်၏ ဗျူဟာမြောက်မူဘောင် အတွင်း နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို ဆောင်ရွက်သွားကြပါမည်။

**(ခ) ကဏ္ဍနှင့် ရင်းနှီးမြှပ်နှံမှုအမျိုးအစားကို အခြေခံ၍ စီမံချက်ကို အုပ်စုခွဲခြားခြင်း**

စီမံကိန်း၊ စီမံချက်များကို စီမံချက်ဆိုင်ရာအချက်အလက်များကို စိစစ်စိတ်ဖြာနိုင်ရန် လုပ်ငန်း ရပ်ဆိုင်ရာနှင့် ရင်းနှီးမြှပ်နှံမှုကို အခြေခံပြီး အုပ်စုခွဲသည်။ လုပ်ငန်းကဏ္ဍကို အခြေခံ၍ စီမံကိန်းအုပ်စု သတ်မှတ်ခြင်းဖြင့် ဝန်ကြီးဌာနများ၊ ဦးစီးဌာနများ အတွက် သက်ဆိုင်ရာလုပ်ငန်းများအလိုက် ဆောင်ရွက်ဖွယ်ရာများကို သိရှိနားလည်စေနိုင်သည်။ ရင်းနှီးမြှပ်နှံမှုအမျိုးအစားကိုအခြေခံ၍ အုပ်စုသတ်မှတ်ခြင်းသည် စီမံချက်ကို အကဲဖြတ်ရာတွင် စီးပွားရေးအကျိုးဖြစ်ထွန်းမှုနှင့် အကျိုး သက်ရောက်မှုဆိုင်ရာ ငွေလုံးငွေရင်းအသုံးစရိတ်၊ စွမ်းဆောင်ရည်မြှင့်တင်ရေး၊ လူသားချင်းဆိုင်ရာ ထောက်ပံ့မှုတို့ကို ခွဲခြားသိရှိစေရန် အထောက်အကူပြုသည်။

**လုပ်ငန်းကဏ္ဍကို အခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း** - ဝန်ကြီးဌာနများ၊ ဦးစီးဌာနများက ယင်းတို့၏လုပ်ငန်းတာဝန်များအလိုက် ဖော်ထုတ်ထားသော လုပ်ငန်းကဏ္ဍ အပိုင်းအခြားများကို သိရှိစေနိုင်သည်။

**ရင်းနှီးမြှပ်နှံမှုအမျိုးအစားကိုအခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း** တွင်

- သာမန်အသုံးစရိတ်
- ငွေလုံးငွေရင်းအသုံးစရိတ်၊
- စွမ်းဆောင်ရည်မြှင့်တင်ရေးအသုံးစရိတ်
- လူသားချင်းစာနာမှုဆိုင်ရာ အထောက်အပံ့ တို့ ပါဝင်သည်။

**(ဂ) ဦးစားပေးစီမံချက်များနှင့် အကောင်အထည်ဖော်ဆောင်ရွက်မည့် အချိန်ကာလ**

စီမံချက်များအလိုက်ဦးစားပေးအစီအစဉ်များကို ဇယားဖြင့်ဖော်ပြထားပါသည်။ ကျေးရွာ လူထုသည် နှစ်သက်ရာ အမှတ်ပေး အဆင့်ခွဲခြင်းစနစ်ဖြင့် ရွာလုံးကျွတ်အစည်းအဝေးတွင် ဦးစားပေး စီမံချက်များကို ဖော်ထုတ်ထားပါသည်။ စီမံချက်များကိုရေးဆွဲရာ၌ မြို့နယ်အဆင့် ဌာနဆိုင်ရာ

အဖွဲ့အစည်းများနှင့် အစိုးရမဟုတ်သောအဖွဲ့အစည်းများမှ နည်းပညာအကူအညီများလိုအပ်ပါသည်။ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းအတွက် ဦးစားပေးရွေးချယ်ထားသော စီမံချက်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

**ဂန့်ဂေါမြို့နယ်၊ ကုက္ကားကျေးရွာအုပ်စု၊ ကုက္ကားကျေးရွာ**
**အမှတ်ပေးဇယားအရ ထွက်ပေါ်လာသော ဦးစားပေးစီမံချက်များ**

| စဉ် | စီမံချက် | ရမှတ် | ဦးစားပေးအဆင့် | မှတ်ချက် |
|---|---|---|---|---|
| ၁ | ကျေးရွာတွင်းလမ်းမြေနီကျောက်စရစ်ခင်းခြင်း | ၁၀၀ | ၁ | |
| ၂ | စက်ရေတွင်းတူးဖော်ခြင်း | ၉၀ | ၂ | |
| ၃ | စိုက်ပျိုးရေရရှိအောင်ဆောင်ရွက်ခြင်း | ၈၅ | ၃ | |
| ၄ | ပညာရေးဝန်ထမ်းအိမ်ယာဆောက်လုပ်ခြင်း | ၈၀ | ၄ | |
| ၅ | ကုန်ထုတ်လမ်းဖောက်လုပ်ခြင်း | ၇၅ | ၅ | |
| ၆ | ကျောင်းသုံးပရိဘောဂများပြုလုပ်ခြင်း | ၇၀ | ၆ | |
| ၇ | ကျန်းမာရေးအသိပညာပေးဟောပြောပွဲများ ဖွင့်လှစ်ပေးခြင်း | ၆၅ | ၇ | |
| ၈ | အသက်မွေးဝမ်းကျောင်းသင်တန်းများ ဖွင့်လှစ်ပေးခြင်း | ၆၀ | ၈ | |
| ၉ | ဈေးတည်ဆောက်ပေးခြင်း | ၅၅ | ၉ | |
| ၁၀ | အားကစားကွင်းတည်ဆောက်ခြင်း | ၅၀ | ၁၀ | |

## ဂန့်ဂေါမြို့နယ်၊ ကုက္ကားကျေးရွာအုပ်စု၊ ကုက္ကားကျေးရွာ
## ဦးစားပေးစီမံကိန်းများ အကောင်အထည်ဖော်ဆောင်ရွက်မည့် အချိန်ကာလဇယား

| စဉ် | စီမံချက် | ဦးစားပေး အဆင့် | ရမှတ်ပေါင်း | ၂၀၁၈-၂၀၁၉ | ၂၀၁၉-၂၀၂၀ | ၂၀၂၀-၂၀၂၁ | ၂၀၂၁-၂၀၂၂ | ၂၀၂၂-၂၀၂၃ | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|
| ၁ | ကျေးရွာတွင်းလမ်းမြေနီကျောက်စရစ်ခင်းခြင်း | ၁ | ၁၀၀ | √ | | | | | |
| ၂ | စက်ရေတွင်းတူးဖော်ခြင်း | ၂ | ၉၀ | | √ | | | | |
| ၃ | စိုက်ပျိုးရေရရှိအောင်ဆောင်ရွက်ခြင်း | ၃ | ၈၅ | | | √ | | | |
| ၄ | ပညာရေးဝန်ထမ်းအိမ်ယာဆောက်လုပ်ခြင်း | ၄ | ၈၀ | | | | √ | | |
| ၅ | ကုန်ထုတ်လမ်းဖောက်လုပ်ခြင်း | ၅ | ၇၅ | | | | | √ | |
| ၆ | ကျောင်းသုံးပရိဘောဂများပြုလုပ်ခြင်း | ၆ | ၇၀ | | | | | | |
| ၇ | ကျန်းမာရေးအသိပညာပေးဟောပြောပွဲများ ဖွင့်လှစ်ပေးခြင်း | ၇ | ၆၅ | | | | | | |
| ၈ | အသက်မွေးဝမ်းကျောင်းသင်တန်းများ ဖွင့်လှစ်ပေးခြင်း | ၈ | ၆၀ | | | | | | |
| ၉ | ဈေးတည်ဆောက်ပေးခြင်း | ၉ | ၅၅ | | | | | | |
| ၁၀ | အားကစားကွင်းတည်ဆောက်ခြင်း | ၁၀ | ၅၀ | | | | | | |

ကျေးရွာဖွံ့ဖြိုးရေးအစည်းအဝေးတွင် ကဏ္ဍအလိုက် ဆောင်ရွက်လိုသည့် စီမံချက်များ

| စဉ် | ကဏ္ဍ/ ကဏ္ဍခွဲ | | စီမံချက် | ဦးစားပေး အဆင့် | ရမှတ် ပေါင်း | ဖော်ပြချက် | ဆောင်ရွက် လိုသည့် အချိန်ကာလ | မှတ် ချက် |
|---|---|---|---|---|---|---|---|---|
| ၁ | လမ်း/ တံတား | ၁ | ကျေးရွာတွင်းလမ်းမြေနီကျောက်စရစ်ခင်းခြင်း (၃၁၀၀'×၁၈'×၈") | ၁ | ၁၀၀ | (၁) ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ရန်ပုံငွေဖြင့် ကျပ်(၁၀၀)သိန်းဖြင့်ဆောင်ရွက်သွားမည်ဖြစ်<br>(၂) ကျေးရွာတွင်းလမ်း ခင်းရာတွင်ကျေးရွာမှ လုပ်အား၊ ငွေအား ထည့်ဝင်ခြင်း<br>(၃) ကျေးလက်ဦးမှ နည်းပညာအကူအညီ ရယူခြင်း<br>(၄) ဆောင်ရွက်ပြီး ရေရှည် ခိုင်ခံစေရန် ကျေးရွာမှ ပြုပြင်ထိန်းသိမ်းခြင်း | ၂၀၁၈-၂၀၁၉ | |
| | | ၂ | ကုန်ထုတ်လမ်းဖောက်လုပ်ခြင်း | ၅ | ၇၅ | (၁) ကျေးလက်ဦးစီးသို့ ချိတ်ဆက်တင်ပြခြင်း<br>(၂) တောင်သူများ၏ လယ်ယာကဏ္ဍ ဖွံ့ဖြိုး တိုးတက်လာခြင်း<br>(၃) ထွက်ကုန်များ ပို့ဆောင်ရာတွင် လွယ်ကူခြင်း | ၂၀၂၂-၂၀၂၃ | |

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| | | ၃ | ပညာရေးဝန်ထမ်းအိမ်ယာ ဆောက်လုပ်ခြင်း | ၄ | ၈၀ | (၁) ပညာရေးဦးစီးဌာနနှင့်ချိတ်ဆက်ခြင်း<br>(၂) ကျေးရွာမှ ထည့်ဝင်ငွေ ထည့်ဝင်ခြင်း<br>(၃) ကျောင်းကော်မတီ ဖွဲ့စည်းထားရှိပြီး ဖြစ်ခြင်း<br>(၄) အိမ်ယာမပျက်စီးစေရန် ကျေးရွာမှ တာဝန်ယူထိန်းသိမ်းခြင်း | ၂၀၂၁-၂၀၂၂ | |
| ၂ | ရေပေးရေး | ၁ | စက်ရေတွင်းတူးဖော်ခြင်း | ၂ | ၉၀ | (၁) ကျေးလက်ဦးစီးသို့ ချိတ်ဆက်တင်ပြခြင်း<br>(၂) ကျေးရွာမှ ထည့်ဝင်ငွေ ထည့်ဝင်ခြင်း<br>(၃) ရေပေးရေးကော်မတီ ဖွဲ့စည်းထားရှိပြီး ဖြစ်ခြင်း<br>(၄) စက်ရေတွင်း မပျက်စီးရန် ကျေးရွာမှ တာဝန်ယူ ထိန်းသိမ်းခြင်း | ၂၀၁၉-၂၀၂၀ | |
| ၃ | စိုက်ပျိုးရေး | ၁ | စိုက်ပျိုးရေရရှိအောင်ဆောင်ရွက်ခြင်း | ၃ | ၈၅ | (၁) ဆည်မြောင်းဦးစီးဌာနနှင့်ချိတ်ဆက်ခြင်း<br>(၂) ကျေးရွာမှ ပူးပေါင်းပါဝင်ခြင်း<br>(၃) တောင်သူများ၏ စိုက်ပျိုးရေး အရင်းအမြစ်ရရှိလာခြင်း | ၂၀၂၀-၂၀၂၁ | |

## ၉။ ဘတ်ဂျက်နှင့်ငွေကြေးဆိုင်ရာအစီအစဉ်

ကျေးရွာဖွံ့ဖြိုးရေးစီမံချက်လုပ်ငန်းများအတွက် ကျေးရွာဖွံ့ဖြိုးရေးကော်မတီမှ အမှန်တကယ်လိုအပ်သော ဘတ်ဂျက် ပမာဏ တွက်ချက်နိုင်ရန် သက်ဆိုင်ရာဦးစီးဌာနများနှင့် ချိတ်ဆက်၍ အကူအညီရဆောင်ရွက်ရမည်ဖြစ်ပါသည်။ ဖော်ပြထားသော ရည်ညွှန်းဘတ်ဂျက်တွင် ကျေးရွာလူထု၏ ငွေသားမဟုတ်သော ထည့်ဝင်မှုများကို ထည့်သွင်းဖော်ပြထားခြင်းမပြုရပေ။ (ငွေသားမဟုတ်သော ထည့်ဝင်မှု၊ ဥပမာ လုပ်အား၊သဲ၊ကျောက်၊ ပစ္စည်းကိရိယာ၊အချိန် စသည်။)

| စဉ် | စီမံချက် | ရန်ပုံငွေ (ကျပ်သိန်း) | ရင်းနှီးမြှုပ်နှံမှုအရ အုပ်စုသတ်မှတ်ခြင်း(ကျပ်သိန်း) | | | |
|---|---|---|---|---|---|---|
| | | | သာမန်အသုံးစရိတ် | ငွေလုံးငွေရင်းအသုံးစရိတ် | | လူသားချင်းဆိုင်ရာကူညီထောက်ပံ့မှု |
| | | | | ငွေလုံးငွေရင်းအသုံးစရိတ် | စွမ်းဆောင်ရည်မြှင့်တင်ရေး | |
| ၁ | ကျေးရွာတွင်းလမ်းမြေနီကျောက်စရစ်ခင်းခြင်း | ၁၂၉.၂ | | √ | | |
| ၂ | စက်ရေတွင်းတူးဖော်ခြင်း | | | √ | | |
| ၃ | စိုက်ပျိုးရေရရှိအောင်ဆောင်ရွက်ခြင်း | | | √ | | |
| ၄ | ပညာရေးဝန်ထမ်းအိမ်ယာဆောက်လုပ်ခြင်း | | | √ | | |
| ၅ | ကုန်ထုတ်လမ်းဖောက်လုပ်ခြင်း | | | √ | | |
| ၆ | ကျောင်းသုံးပရိဘောဂများပြုလုပ်ခြင်း | | | √ | | |
| ၇ | ကျန်းမာရေးအသိပညာပေးဟောပြောပွဲများဖွင့်လှစ်ပေးခြင်း | | | √ | | |
| ၈ | အသက်မွေးဝမ်းကျောင်းသင်တန်းများဖွင့်လှစ်ပေးခြင်း | | | √ | | |

| | | | | | | |
|---|---|---|---|---|---|---|
| ၉ | ဈေးတည်ဆောက်ပေးခြင်း | | | √ | | |
| ၁၀ | အားကစားကွင်းတည်ဆောက်ခြင်း | | | √ | | |

## ၁၀။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများအကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ

ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းရေးဆွဲခြင်းကို ကျေးရွာလူထုက ဦးဆောင်အကောင်အထည်ဖော်မည် ဖြစ်သဖြင့် လုပ်ငန်းအောင်မြင်ရေးနှင့် ရည်မှန်းချက်များသို့ ရောက်ရှိရေးမှာ ကျေးရွာတွင် တာဝန်ရှိပါ သည်။

### (က) ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့၏ အခန်းကဏ္ဍ

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ရေးဆွဲခြင်းတွင်ပါဝင်သော စီမံကိန်းလုပ်ငန်းများကို အထိရောက်ဆုံး အကောင်အထည်ဖော်ရန် တာဝန်မှာ ကျွန်ုပ်တို့ကျေးရွာလူထု၏တာဝန် ဖြစ်ပါသည်။ ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် ပေါင်းစပ်ညှိနှိုင်းရေးနှင့် စီမံခန့်ခွဲရေးတာဝန်ကိုအဓိကယူပါမည်။ အဖွဲ့အစည်း အသီးသီး၊ ကော်မတီအသီးသီးအား တာဝန်များခွဲဝေအပ်နှင်း၍ သက်ဆိုင်ရာစီမံကိန်းများ ဆောင်ရွက်နိုင် ရန် ဦးဆောင်ပါမည်။

### (ခ) ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများ

ကျွန်ုပ်တို့ ကျေးရွာကော်မတီအဖွဲ့များကဖွံ့ဖြိုးရေးစီမံကိန်းများ အကောင်အထည်ဖော်ရာတွင် ဦးဆောင်စီမံခန့်ခွဲမှုတာဝန်ယူဆောင်ရွက်သော်လည်း အခြားသော ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့များကိုလည်း ရှာဖွေဆက်သွယ် ပူးပေါင်းရန်လိုပါမည်။ ကျွန်ုပ်တို့ ကိုယ်တိုင်မတတ်နိုင်သော အကူအညီများရယူဆောင် ရွက်ရန်ဖြစ်ပါသည်။ ဥပမာ-ဆည်မြောင်းပြုပြင်ရန် ဆည်မြောင်းဌာနနှင့် ချိတ်ဆက်၍ နည်းပညာအကူအညီရယူခြင်း ဆောင်ရွက်ရပါမည်။ လယ်သမားအဖွဲ့အစည်းကလည်း လယ်ယာကုန်ထုတ်လုပ်ငန်းအထောက် အကူပြုလမ်းအဆင့်မြှင့်တင်ရန် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အင်ဂျင်နီယာတွက်ချက်မှုဆိုင်ရာအကူအညီများ ရယူရပါမည်။

### (ဂ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ

စီမံကိန်းလုပ်ငန်းများ၏ အသေးစိတ်လုပ်ငန်းအမျိုးအစားဖော်ပြချက်တွင် တင်ဒါခေါ်ယူဆောင်ရွက်ရမည့် ကိစ္စများကိုလည်းတွေ့ရပါမည်။ ဤလုပ်ငန်းအမျိုးအစားများအတွက် အောက်ပါ အဖွဲ့ အစည်း/ပုဂ္ဂိုလ်များ၏ ပါဝင်မှုမှာအမှန်ပင် လိုအပ်ပါမည်-

- လမ်း/တံတား၊ ရေပေးရေး၊ ကျန်းမာရေးဆေးပေးခန်း၊ ကျောင်းဝင်းခြံစည်းရိုးကာခြင်းနှင့် ဆည်ပြုပြင်ခြင်း စသည့် လုပ်ငန်းများအတွက် ကန်ထရိုက်များ
- အားကစားကွင်းဖော်ဆောင်ခြင်းအတွက် နည်းပညာဝန်ဆောင်မှု ပံ့ပိုးပေးမည့် အဖွဲ့အစည်းများ

ကန်ထရိုက်နှင့်ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများကစီမံကိန်းလုပ်ငန်းတွင် ဖော်ပြထားသော သတ်သတ်မှတ်မှတ်ကိစ္စများကိုသာ ကြီးကြပ်မှုပေးမည်ဖြစ်ပြီးလုပ်ငန်းတစ်ခုလုံး လွှမ်းခြုံကြီးကြပ်ရန် တာဝန်မှာ ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးကော်မတီကတာဝန်ပေးထားသောအဖွဲ့၏ တာဝန်သာဖြစ်ပါသည်။ အချို့ကိစ္စများတွင် ကြီးကြပ်ရေးတာဝန်မှာ မြို့နယ်သက်ဆိုင်ရာဦးစီးဌာနက တာဝန်ယူပါမည်။ ဤကိစ္စမျိုးတွင် ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် တာဝန်ပေးထားသော ကော်မတီကိုဦးဆောင်၍ မြို့နယ်ဌာနဆိုင်ရာအဖွဲ့အစည်းများနှင့် နီးနီးကပ်ကပ် ပူးပေါင်းဆောင်ရွက်ပါမည်။

**(ဃ) ကျေးရွာ၏ဖွံ့ဖြိုးရေးလုပ်ငန်းများ လည်ပတ်ရန်နှင့် ပြုပြင်ထိန်းသိမ်းရန်အတွက် အဖွဲ့အစည်းဆိုင်ရာနှင့် ငွေကြေးဆိုင်ရာအစီအစဉ်များ**

ကျွန်ုပ်တို့ကော်မတီအနေဖြင့် လုပ်ငန်းတစ်ခုချင်းစီအတွက် ရေရှည်တည်တံ့ရေး အစီအစဉ်များ ထားရှိမည်။ ဥပမာအားဖြင့် လမ်းများပြုပြင်ခြင်းလုပ်ငန်းတွင် စေတနာအလျောက်ထည့်ဝင်လိုသူများ ထံမှ အလှူငွေ ကောက်ခံခြင်းတို့ကို ဆောင်ရွက်မည်။

ဖွံ့ဖြိုးရေးလုပ်ငန်းများရေရှည်တည်တံ့ရေးအတွက် လုပ်ငန်းအလိုက် သက်ဆိုင်ရာကော်မတီ၊ အဖွဲ့အားတာဝန်အပ်နှင်းဆောင်ရွက်မည် ဖြစ်ပါသည်။ ဥပမာအားဖြင့် လမ်းများပြုပြင်ထိန်းသိမ်းရေးအတွက် လမ်းကော်မတီ၊ ရေတွင်းပြုပြင်ထိန်းသိမ်းခြင်းအတွက် ရေကော်မတီများ ဖွဲ့စည်းဆောင်ရွက်ထားရှိပါမည်။

## ၁၁။ စီမံကိန်းကြီးကြပ်စစ်ဆေးခြင်းနှင့် အကဲဖြတ်သုံးသပ်ခြင်း

ကျွန်ုပ်တို့၏ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်း အကောင်အထည်ဖော်ရာတွင် တိုးတက်မှု အခြေအနေများအား စနစ်တကျကြီးကြပ်စစ်ဆေးအကဲဖြတ်ကြပါမည်။ အစကနဦး၌ ကြီးကြပ်စစ်ဆေး အကဲဖြတ်ခြင်းလုပ်ငန်းကို ရိုးရှင်းလွယ်ကူသောနည်းလမ်းများဖြင့် ဆောင်ရွက်ပါမည်။ သို့မှသာ ရည်ရွယ်သည့်အတိုင်း ကြီးကြပ်စစ်ဆေးအကဲဖြတ်သည့် လုပ်ငန်းကိုပြီးမြောက်အောင် ဆောင်ရွက်နိုင် ပါလိမ့်မည်။

လူထုဗဟိုပြု၍ အားလုံးပူးပေါင်းပါဝင်သောကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် အကောင်အထည်ဖော်သောနည်းလမ်းကို လက်ကိုင်ကျင့်သုံးသည့်အလျောက် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို ကြီးကြပ်စစ်ဆေးသုံးသပ်ရာတွင် ကျေးရွာအတွင်းရှိအဖွဲ့အစည်းများ ၊ အိမ်ထောင်စုများ တက်ကြွစွာ အတူပူးပေါင်းဆောင်ရွက်ရန် စီစဉ်လုပ်ဆောင်ပါမည်။ ဤသို့ဆောင်ရွက်နိုင်ရန် သင့်တော်သော အဖွဲ့အစည်းစနစ်၊ လုပ်ထုံးလုပ်ငန်းများတည်ဆောက်ပါမည်။

## (က) ကြီးကြပ်စစ်ဆေးခြင်း

